Address:
P.O. Box 201, Prasingh,
Chiang Mai, Thailand 50200

Email: shanhumanrightsfoundation@gmail.com
Website: www.shanhumanrights.org
Phone: +66 (0)93- 297-7754

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ထုတ်ပြန်ချက်

၂၉ . ၈ . ၂၀၁၉ ခုနှစ်

## ရှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင်တွင်အစိုးရစစ်တပ် (ခလရ-၆၈)မှ လက်နက်ကြီးဖြင့် ရွာအတွင်းသို့ ပစ်ခတ် သဖြင့် အသက်၅၂အရွယ်ရှိ ရှမ်းရွာသားတဦးအား ထိမှန်ပြီး ပွဲချင်းပြီးသေဆုံး

၁၈.၈.၂၀၁၉ ညနေပိုင်းအချိန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၏အရှေ့မြောက်ဖက် ၁၀ ကီလို မီတာ အကွာကုန်းဆာရွာအတွင်းသို့ အစိုးရစစ်တပ်(ခလရ-၆၈)မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ အသက် ၅၂အရွယ်ရှိ ရွာသားတဦးကို ထိမှန်းပြီး ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

၄င်းရက် မနက်ပိုင်းအချိန်တွင် မြောက်ပိုင်းမဟာမိတ်ညီနောင်သုံးဖွဲ့တို့က ကုန်းဆာရွာအနီးသို့ ဖြတ်သန်း သွားခဲ့သည်ဟု သတင်းရရှိသော အစိုးရတပ် (ခလရ-၆၈)က ကုန်းဆာရွာနှင့် ၅ကီလိုမီတာခန့်သာ ဝေး သော နေရာ မှ ကုန်းဆာ ရွာအပါအဝင် ရွာများကိုလည်း လက်နက်ကြီးဖြင့်ပစ်ခတ်လိုက်သဖြင့် အိမ်အချို့ ကို ထိမှန်ခဲ့ကြောင်း သိရသည်။ ၎င်းကျေးရွာအနီးရှိတောတွင်းသို့ လေယာဉ်ဖြင့်ဗုံးကြဲသောကြောင့် ရွာသူ/ ရွာသားဒေသခံများက ရွာအတွင်းတွင် မနေရဲကြတော့ပဲ ထွက်ပြေးတိမ်းရှောင်းခဲ့ကြရကြောင်း သိရသည်။

နေ့လယ်ပိုင်းအချိန် အစိုးရစစ်တပ်(ခလရ-၆၈)မှ ဗိုလ်မှူးအောင်ကြီးဦးဆောင်ပြီး အင်အား(၅၀)ဖြင့် စစ် ဘေး ရှောင်းများ ခိုလှုံရာ ကုန်းဆာဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်တပ်စွဲထားကြောင်း သိရသည်။ ဗိုလ်မှူးအောင်ကြီး ဦးဆောင်သော ၄င်းတပ်သည် ည(၆ႏ၀၀)နာရီအချိန်တွင် (၆၀-မမ)ဖြင့် စတင်ပစ် ခတ်ခဲ့သည်။


အစိုးရစစ်တပ်မှ လက်နက်ကြီးများဖြင့် ရွာအတွင်းသို့ ပစ်ခတ်မှုကြောင့် အဆိုပါဘုန်းကြီးကျောင်းမှ (၂၀၀) မီတာ ခန့်အကွာရှိ အိမ်တစ်အိမ်သို့ ဇနီးနှင့်သားသမီးကိုလိုက်လံရှာသော အသက် (၅၂)နှစ်ရှိ လုံးအေး အနီးကျရောက်သဖြင် လုံးအေး၏ရင်ဘတ်ကို ထိမှန်ပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။ နောက်တ ရက်တွင် ၎င်းရုပ်အလောင်းကို လူမှုဖူလုံရေးအဖွဲ့တစ်ဖွဲ့က လားရှိုးဆေးရုံးသို့ သယ်ဆောင်သွားပြီး မီးသ ဂြိုလ်ခဲ့ ပါသည်။

လုံးအေးသည် လယ်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပြီး လက်ရှိကျန်ရစ်သူမိသားစုမှာ ဇနီးနှင့်အသက် ၁၃ နှစ်ရှိ သားတဦးနှင့်သမီးတဦးအမွှာတို့ဖြစ်သည်။ သားယောကျ်ားလေး စိုင်းစံပွင့်သည် ကုန်းဆာဘုန်းတော် ကြီးကျောင်းတွင် ကိုရင်ဝတ်လျက်ရှိပြီး၊ သမီးနန်းစံညိုမှာ စစ်ဘေးတိမ်းရှောင်လျက်ရှိသည်။

ဩဂုတ်လ ၁၉ ရက်နေ့ အဆိုပါ ခလရ (၆၈)စစ်တပ် ကုန်းဆာမှ ထွက်ခွာသွားချိန်တွင် ၎င်းရွာမှ ရွာဥက္ကဋ္ဌ အား လမ်းညွှန်အဖြစ်ခေါ်ဆောင်သွားပြီး ထိုလက်နက်ပစ်ခတ်မှုနှင့်ပတ်သက်၍ မပေါက်ကြားရန်လည်း ထပ်မံပြောကြားခဲ့သေးကြောင်း သိပါရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးအတွင်း အစိုးရစစ်တပ်မှ ရဟတ်လေယာဉ်ဖြင့် ဗုံးကြဲသည့် အသေး စိတ် အချက်အလက်များ (၁၇-၁၈) ရက်နေ့ ဩဂုတ်လ 2019)

ဩဂုတ်လ 18, 2019 လားရှိုးအနီး မြန်မာအစိုးရစစ်တပ်၏ ဗုံးကျသည့်နေရာနှင့်ဗုံးကြဲသည့်တည်နေရာ




## ဩဂုတ်လ ၁၇ ရက် ၂၀၁၉

**နံနက်(၈)နာရီအချိန်၌** လားရှိုးမြို့အရှေ့မြောက်ဖက် (၄) ကီလိုမီတာခန့်တွင်ရှိ တာပုံရွာမြောက်ဘက် ကုန်းကျုံ ရွာတပိုက်မှ သေနတ်သံကြားများရကြောင်း ဒေသခံက ပြောပါသည်။ ထိုပစ်ခတ်သံသည် နေ့လည် အချိန်တိုင်အောင် ကြားနေရတုန်းဟု သိရသည်။ ထိုအချိန်အတွင်းတွင် ကုန်းကျုံရွာသားများက တာပုံ ဘုန်း ကြီးကျောင်းသို့ ထွက်ပြေးတိမ်းရှောင် ခိုလှုံနေခဲ့ကြသည်။

ထိုနည်းတူ လာရှိုးမြို့နှင့်၁၀ကီလိုမီတာကွာဝေးသော သိန္နီလမ်းမပေါ်ရှိ ဟိုပိတ်ရွာအနီးတွင်တည်ရှိသော တိမ်ဖြူပန့်ဆီဆိုင်အနီးတွင် ဗုံးပေါက်ကွဲသံ ကြားရကာ မီးခိုးမီးလျှံများ တွေ့မြင်နေရပြီး ၎င်းနောက် ဟို ပိတ် ရွာနေ ဒေသခံများနှင့်မတ်ချီးနုရွာနေ ဒေသခံများကလည်း ထိတ်လန့်ကြပြီး လားရှိုးမြို့ပေါ်သို့ ထွက် ပြေးတိမ်းရှောင်ခဲ့ကြကြောင်းသိရသည်။

**၁၈.၈.၂၀၁၉**

**မနက် ၄ နာရီအချိန်တွင်** မဟာမိတ်ညီနောင်သုံးတပ်ဖွဲ့တို့က လားရှိုးမြို့၏ အရှေ့မြောက်ဘက် ၁၁ ကီလို မီတာအကွာတွင် ရှိသော ဟိုနားရွာအနီးမှ ဖြတ်သန်းသွားလာကြောင်း သိရသည်။

**၄င်းရက်မနက် ရး၀၀နာရီအချိန်တွင်** မြန်မာအစိုးရတပ် (ခလရ-၆၈)မှ အင်အား(၁၀၀)ကျော်ခန့်တို့က လည်းမတ်ချီးနူရွာသို့ ရောက်လာကြပြီး ရွာ၏အရှေ့ဘက်ရှိ မတ်ချီးနူဘုန်းတော်ကြီးကျောင်းအနီးတွင် တိုက် ပွဲ၀င်ရန် လက်နက်များကို အဆင်အသင့်ပြင်ဆင်နေကြကြောင်း သိရသည်။

**နံနက် (၈)မှ(၁၁)နာရီအချိန်တွင်** အဆိုပါ အစိုးရစစ်တပ် ခလရ(၆၈)သည် မတ်ချီးနူမှ ပန်စိန်း၊ ကွန်ဖြူ၊ ဟိုနား၊ ကုန်းဆာနှင့် ကောင်းဟုန်းအရှေ့သို့ စိန်ပြောင်းဖြင့် ဦးတည်ပစ်ခတ်ခဲ့ပြီး ထို့အချိန်တွင် ဟိုနားရွာ က လုံးလွန်းနှင့်ပါနုတို့နေအိမ် ဖုံးစထိမှန်တင်မက လုံးအောင်ဆာရဲ့အိမ်ခြံစည်းရိုးနှင့် ပါညွန့်ရဲ့နေအိမ်တို့ ထိမှန် ပျက်စီးစေခဲ့သည်။ သို့သော် ကံကောင်းစွာဖြင့် ရွာတွင်းနေထိုင်သူများ ကြိုတင်တိမ်းရှောင်ပြီး တစ် ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိပါ။

**မနက် ၁၁း၀၀နာရီအချိန်** ဗိုလ်မှူးအောင်ကြီးဦးဆောင်သော မြန်မာအစိုးရတပ်(ခလရ-၆၈)သည် အင် အား ၅၀ဖြင့် မတ်ချီးနူရွာမှ ကုန်းဆာရွာသို့ ထွက်ခွာလာခဲ့ကြပြီး ကုန်းဆာဘုန်းတော်ကြီးကျောင်းတွင် ၀င် ရောက် တပ်စွဲထားသောကြောင့် ကုန်းဆာဘုန်းတော်ကြီးကျောင်းတွင် အရင်ရောက်နှင့်နေကြသော စစ် ဘေး ရှောင်ဒေသခံများက ထိပ်လှန့်နေကြကြောင်း သိရသည်။


*အစိုးတပ်ရမှ ရဟတ်ယာဉ်*

**မနက် (၁၁)မှ (၁၂)နာရီအချိန်အထိ** အစိုးတပ်ရမှ ရဟတ် ယာဉ် တစီး သည် လားရှိုးမြို့မှပျံသန်းလာပြီး ဟိုနားရွာ မြောက် ဘက်ရှိ သစ်တောအတွင်းသို့ ဖုံးများကြဲချခဲ့ကြောင်း၊ ၁၀ မိ နစ် လောက် ရပ်နားပြီး နောက် ထပ်တကြိမ်ပြန်လည် ပျံ သန်းလာပြီး ဖုံး၁၀လုံးခန့် ထပ်မံကြဲချပြန်ကြောင်း သိရ သည်။

**မွန်းလွဲ ၁း၀၀နာရီအချိန်** ကုန်းဆာ၊ ဟိုနား၊ပန်စိန်းစသော တိုက်နယ်မှ ဒေသခံ (၄၀၀)ကျော်တို့သည် မိမိတို့ ပစ္စည်းများ သိမ်းဆည်သယ်ယူကြပြီး ကုန်းဆာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်တိမ်းရှောင် ကြရသည်ဟု သိရသည်။

**ညနေ ၆း၀၀နာရီ** ကုန်ဆာရွာနေ ဒေသခံတချို့က လားရှိုးမြို့ပေါ်သို့ တိမ်းရှောင်ကြရန် မိမိတို့ ပစ္စည်းများ သိမ်းဆည်းပြီး ထော်လဂျီပေါ်သို့ တင်နေကြခိုက်တွင် ကုန်းဆာဘုန်းတော်ကြီးကျောင်း၌ တပ်စွဲထားသော အစိုးရတပ် (ခလရ-၆၈)အဖွဲ့သည် ကုန်းဆာရွာအတွင်းသို့ လက်နက်ကြီး ၆၀-မမဖြင့် အကြောင်းမဲ့ ပစ်ခတ် ခဲ့ကြောင်း၊ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်များသည် ရွာအတွင်းသို့ကျရောက်ပြီး ပေါက်ကွဲ သည့်အလုံးရှိသလို မပေါက်ကွဲသေးတဲ့အလုံးလည်း ရွာတွင်ဒီအတိုင်းကျန်ရှိနေသေးကြောင်း သိရသည်။


*လုံးအေး ၏ ရုပ်အလောင်း*

ကုန်းဆာဘုန်းတော်ကြီးကျောင်းနှင့် ကီလိုမီတာ ၂၀၀ကွာ ဝေး သော အိမ်တအိမ်၏ အိမ်၀န်းအနီးတွင် ကျ ရောက် ပေါက် ကွဲခဲ့ပြီး ကျည်စများက အသက်၅၂အရွယ်ရှိ လယ် လုပ်ငန်းလုပ်ကိုင်သူ လုံးအေး၏ ရင်ဘတ် ကို ထိမှန်ခဲ့ပြီး ၄င်းနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

လုံးအေးသည် ခြံမှအိမ်သို့ပြန်လာချိန် ဇနီးနှင့်ကလေးတို့ ကိုမ တွေ့သဖြင့် အိမ်နီးနားချင်း လုံးတင်းအား မေးရာ ၄င်း ၏ ဇနီးနှင့်ကလေးသည် ရွာဘုန်းကြီးကျောင်း၌ သွား ရောက် ခိုလှုံနှင့်ပြီဖြစ်ကြောင်း။ လုံးအေး က "ကောင်း ပြီ ဒါဆို လည်း ရွာစောင့်တာ၀န်က ကျွန်တော် ရဲ့အ

လှည့်ဆိုတော့သွားလုပ်လိုက်ပါဦးမယ်” ဆိုပြီး အိမ်ရှေ့ ဂိတ်ပေါက်အရောက်တွင် အဆိုပါဘုန်း ကြီးကျောင်း မှ ပစ်ခတ်လိုက်သည့် ဗုံးသည် ၎င်းနှင့် (၅) မီတာခန့် အကွာတွင် ကျကွဲသဖြင့် လုံးအေးအား ဗုံးစထိမှန် ပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။ လုံးတင်းသည် ထိုပေါက် ကွဲမှု မှ ကံကောင်းစွာဖြင့် ထိခိုက် ဒဏ်ရာ ရရှိခြင်းမရှိခဲ့ပါ။


ပ့ါဆိုင်၏အိမ်ခေါင်မိုးနှင့်နံရံများပျက်စီး

၎င်းနည်းတူ ကုန်းဆာရွာနေ ပ့ါဆိုင်၏အိမ်ဝန်းအတွင်းသို့လည်း လက်နက်ကြီးကျည်တလုံး ကျရောက် ပေါက်ကွဲပြီး ပ့ါဆိုင်၏အိမ်ခေါင်မိုးနှင့်နံရံများ ထိမှန်ကာ ပျက်စီ ိးကြောင်း သိရသည်။


**ည ၈း၀၀နာရီအချိန်တွင်** အစိုးရတပ်မှ ရဟတ်ယာဉ်ယာဉ်တစီးသည် ဟိုနားရွာအနီးသို့ ပျံသန်းလာပြီး ရွာနှင့်မလှမ်းမကမ်းသော သစ်တောအတွင်းသို့ ဗုံးများ(၁၀)လုံးခန့် ကြဲချခဲ့သေးကြောင်း သိရသည်။

**၁၉.၈.၂၀၁၉**

**မနက်၅နာရီအချိန်တွင်** ကုန်းဆာဘုန်းတော်ကြီးကျောင်းမှ စခန်းချတပ်စွဲထားသော အစိုးရတပ် (ခလရ-၆၈)သည်၎င်းဘုန်းတော်ကြီးကျောင်းမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၊ပန်နားကျေးရွာအုပ်စု၊ ကတ်ဝိုးလုံရွာသို့ ခရီး ဆက်ခဲ့သည်။ ကတ်ဝိုးလုံရွာအထိ လမ်းပြအဖြစ် လိုက်လံပို့ဆောင်ပေးရန် အစိုးရတပ်က ကုန်းဆာတိုက်နယ် ဥက္ကဋ္ဌကြီး လုံးအောင်လူအား ခေါ်ဆောင်သွားခဲ့ပြီး ထိုသို့ရောက်သွားသည့်အခါ ကုန်ဆာတိုက်နယ်ဥက္ကဋ္ဌက အစိုးရတပ်ကို"ကျွန်တော် အလုပ်ရှိသေးတဲ့အတွက် ရွာကိုပြန်ရမယ်”ဟု ပြောသော အခါ အစိုးရစစ်တပ်ကရင်းကို “မနေ့ညက ငါတို့ပစ်လိုက်တဲ့ လက်နက်ကြီးကိစ္စ သတင်းပြန့်သွားရင်တော့ ခင်ဗျား ကို အပြစ်တင်အရေးယူရပါလိမ့်မယ်"ဟု သတိပေးပြောဆိုခဲ့သေး ကြောင်း သိရသည်။

**၁၂ ိး၀၀နာရီအချိန်တွင်** လက်နက်ကြီးကျည်စများထိမှန်ပြီး သေဆုံးသော လုံးအေး၏ ရုပ်အလောင်းကို လားရှိုးမြို့မှ လူမှုကူညီရေးအသင်းတသင်းက လာရောက်သယ်ယူသွားကြပြီး လားရှိုးဆေးရုံးကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ၎င်း၏ရုပ်အလောင်းကို ဩဂုတ်လ ၂၀ရက်နေ့တွင် မီးသင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ်လ (၁၈)ရက် ၂၀၁၉၊ ကုန်းဆာကျေးရွာအတွင်း မြန်မာအစိုးရစစ်တပ်လက်နက်ပစ်ခတ်




**ဆက်သွယ်ရန်**

စိုင်းဟော်ရှဲန် +66: 63-389-5088 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းရွက်လွင် +66: 97-173-1530 (ရှမ်း၊ မြန်မာ)